# ပဲခူးမြစ်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နားလည်မှုစာချွန်လွှာ (MOU)

# လက်မှတ် ရေးထိုးပွဲ ကျင်းပခြင်း

ပဲခူးမြစ်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေကြီးရေလျှံမှု ကာကွယ်ရေး၊ ရေချိုရရှိရေး၊ ရေကြောင်း သွားလာမှု ဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ကုန်မြို့တော်နှင့် ပဲခူးမြို့ ပတ်ဝန်းကျင်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ပဲခူးမြစ်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၊ ရန်ကုန်မြို့၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်စိန် တက်ရောက် အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့်အတူ ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနအဖွဲ့ အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Cheng Fong Construction Service Company Limited မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာန/ဌာနခွဲမှူးများ တက်ရောက် ခဲ့ကြပါသည်။

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးဦးဟန်စိန်မှ အဖွင့်အမှာစကားပြောကြားရာ၌ မိမိတို့မြန်မာနိုင်ငံတွင် အဓိကမြစ်ကြီး (၄)ခုနှင့် မြစ်ငယ် ချောင်းငယ်များ နိုင်ငံအနှံ့အပြား၌ တည်ရှိပြီး ၎င်းတို့၏ မြစ်ဝှမ်းဒေသများ အတွင်း နေထိုင်သူများအတွက် အရေးပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ မဟာဗျူဟာမြောက် ပို့ဆောင်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒတွင် မြန်မာနိုင်ငံ၏ ပြည်တွင်း၊ ပြည်ပ ရေကြောင်းပို့ဆောင်ရေးနှင့် လေကြောင်း ပို့ဆောင်ရေးကဏ္ဍများ ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် လက်ရှိကျင့်သုံးနေသော နိုင်ငံရေး၊ စီးပွားရေးစနစ်များနှင့်အညီ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရန် ဖော်ပြထားပါကြောင်း၊ ပဲခူးမြစ်သည် မြန်မာပြည်အောက်ပိုင်းရှိ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့အတွက် ရေပေးဝေရေး၊ စိုက်ပျိုးရေးနှင့် ဒေသတွင်း ရေကြောင်းသွားလာရေးတို့အတွက် အရေးပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အချို့အပိုင်းများတွင် မိုးရာသီ၌ ရေကြီးရေလျှံမှု ကြုံတွေ့ရလေ့ရှိပြီး နွေရာသီတွင် မြစ်အတွင်း ဆားငံဓာတ်ဝင်ရောက်မှု တွေ့ကြုံရလေ့ရှိပါကြောင်း၊ ပဲခူးမြစ်သည် လက်ရှိဖော်ထုတ်နေသည့် သီလဝါ အထူးစီးပွားရေးဇုန်၊ ရန်ကုန်မြို့တော်နှင့် ပဲခူးမြို့တို့သို့

ရေပေးဝေရေးအတွက် အရေးပါသည့် ရေချိုရင်းမြစ်တစ်ခု ဖြစ်လာနိုင်ပါကြောင်း၊ ပဲခူးမြစ်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးပါက မြစ်ကြောင်းတလျှောက်ရှိ မြို့ရွာများတွင် ရေကြီးရေလျှံမှု အန္တရာယ်မှ လုံခြုံဘေးကင်းပြီး ပိုမိုကောင်းမွန်သည့် ရေကြောင်းပို့ဆောင်ရေး၊ ရေချိုပေးဝေမှု၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး ဇုန်များနှင့်အတူ ဒေသတွင်းနေထိုင်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများနှင့် ကောင်းမွန်သည့်လူနေမှုအဆင့်အတန်းများရရှိခံစားကြနိုင်စေရန် မျှော်လင့်မိပါကြောင်း၊ ရေအရင်း အမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန နှင့် Cheng Fong Construction Service Company Limited တို့အနေဖြင့် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ Cheng Fong Construction Service Company Limited မှ အမှုဆောင် အရာရှိချုပ်ဖြစ်သူ Mr. Gu Ruei Guo မှ ပဲခူးမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်လေ့လာ ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ပြောကြားခဲ့ပါသည်။ ထို့နောက် ပဲခူးမြစ်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကို ဆက်လက်ကျင်းပရာ ရေအရင်း အမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးမှ လည်းကောင်း၊ Cheng Fong Construction Service Company Limited ကိုယ်စား အမှုဆောင် အရာရှိချုပ် Mr. Gu Ruei Guo မှလည်းကောင်း လက်မှတ်ရေးထိုးခဲ့ပါသည်။

ပဲခူးမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေကြီးရေလျှံမှု ကာကွယ်ရေး၊ ရေချို ရရှိရေး ၊ ရေကြောင်း သွားလာမှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဖြစ်မြောက် နိုင်စွမ်းလေ့လာမှု ဆောင်ရွက်ရန် ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ရေအရင်း အမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန နှင့် ထိုင်ဝမ်နိုင်ငံ ၊ Yuh Chern Group မှ Cheng Fong Construction Service Company Limited တို့အကြား ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ အတွင်းတွင် သဘောတူညီချက်မှတ်တမ်း(Agreed Minute) လက်မှတ် ရေးထိုး၍ အကြိုလေ့လာမှုများ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

ယခုလက်မှတ်ရေးထိုးသည့် ပဲခူးမြစ်ကြောင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာ နားလည်မှု စာချွန်လွှာအရ ပဲခူးမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ပဲခူးမြစ် တွင် ရေကြီးရေလျှံမှု ကာကွယ်ရေး၊ ရေချိုရရှိရေး၊ ရေကြောင်းသွားလာမှု ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် Cheng Fong Construction Service Company Limited ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကုန်ကျစရိတ် ပြန်လည်ရရှိစေရန် မြစ်ကြောင်း

ထိန်းသိမ်းရေး သောင်တူးလုပ်ငန်းများမှ ရရှိသည့် သဲနုန်းများဖြင့် မြစ်ကမ်းပါးနှင့် ဆက်စပ်၍ မြေဖို့ပြီး ရန်ကုန် မြို့တော်နှင့် ပဲခူးမြို့ တိုးချဲ့ရေး အထောက်အကူပြု မြို့ပြ လူနေမှု အဆောက်အအုံဇုန်၊ စက်မှုဇုန်၊ စက်မှုလယ်ယာဇုန်၊ မွေးမြူရေးဇုန်၊ စက်သုံးဆီ၊ စက်ဆီ၊ ချောဆီ သုံးစွဲဖြန့်ဖြူး ရောင်းချမည့် နေရာများ စသည်ဖြင့် ဖော်ထုတ် နိုင်မည်ဖြစ်သဖြင့် ပဲခူးမြစ်ကြောင်း တလျှောက်ရှိဒေသများ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု အတွက်လည်း အထောက်အကူ ပြုနိုင်မည် ဖြစ်ပါသည်။

နားလည်မှုစာချွန်လွှာအရ အသေးစိတ်လေ့လာမှုများ ဆောင်ရွက်ပြီးပါက လေ့လာမှု ရလာဒ်များ အပေါ် မူတည်၍ မြစ်ချောင်းပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် အခြေခံ အဆောက်အဦနှင့် လုပ်ငန်း ဒီဇိုင်းပုံစံများ၊ ပဲခူးမြစ်ကမ်းရှိ ရန်ကုန် မြို့တော်နှင့် ပဲခူးမြို့ ပတ်ဝန်းကျင် ဆက်စပ်ဒေသများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် မြို့ပြ အထောက်အကူပြု အခြေခံ အဆောက်အဦ များ၏ ဒီဇိုင်းပုံစံများအား မြေပုံများနှင့်တကွ ပြုစုတင်ပြသွားမည်ဖြစ်ပြီး တည်ဆောက်ရေး လုပ်ငန်းများအတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ ခွင့်ပြုချက်တောင်းခံ၍ စာချုပ် ထပ်မံ ချုပ်ဆိုပြီး ဆက်လက် ဆောင်ရွက် သွားမည် ဖြစ်ပါသည်။